# မယ်ဒီကိတ် ပြန်လည်စိစစ်ရေးနှင့် ပတ်သက်ပြီး မည်သို့စတင်ဆွေးနွေးနိုင်သနည်း

**မယ်ဒီကိတ် ပြန်လည်စိစစ်ရေးနှင့် ပတ်သက်ပြီး သင်၏ မိတ်ဆွေများ၊ မိသားစုဝင်များနှင့် ပိုမိုလွယ်ကူစွာ ဆွေးနွေးနိုင်ရန်အတွက် ဤမေးခွန်းများ နှင့် သတိပေးချက်များကို အသုံးပြုပါ။**

သင် ရွှေ့ပြောင်းနေထိုင်ခဲ့လား။

ပြန်လည်စိစစ်ရေးကို ဖြည့်ဆည်းဆောင်ရွက်ရန် အချိန်ကာလအပိုင်းအခြားကို သင်သိပါသလား။

မယ်ဒီကိတ်အဖွဲ့ဝင်များသည် အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် 45 ရက်အတွင်း ပြန်လည်စိစစ်ရေးကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်သည်။

မိသားစုအတွက်ကူညီပံ့ပိုးမှုဌာနခွဲ Division of Family Resources မှ သင့်ကိုဆက်သွယ်၍ရမရ သိရှိပါသလား။

သင့်အတွက် အာမခံကြေးရှိမရှိ သိရှိပါသလား။

သင်၏မယ်ဒီကိတ်အစီအစဉ်အတွက် ပြန်လည်စိစစ်ရေး ဆိုသည်ကို သိရှိပါသလား။

အင်ဒီယားနား မယ်ဒီကိတ်အဖွဲ့ဝင်များ အားလုံးသည် အကျိုးခံစားခွင့် ရရှိနိုင်မှုကို နှစ်စဉ်သက်တမ်းတိုးရသည်။ အဖွဲ့ဝင်များသည် နောက်တနှစ်အတွက် အာမခံကြေးအကျိုးခံစားခွင့် ဆက်လက်ရရှိနိုင်မှု ရှိမရှိ ဆုံးဖြတ်နိုင်ရန်အတွက် ပြည်နယ်အစိုးရက ဤ နှစ်စဉ် သတင်းအချက်အလက် စုဆောင်းရေး လုပ်ငန်းစဉ်ကို အသုံးပြုပါသည်။

သင်၏မယ်ဒီကိတ်အစီအစဉ် နှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက ဘယ်နေရာတွင် ရှာဖွေရန် သိရှိပါသလား။

အဖွဲ့ဝင်များအနေနှင့် မယ်ဒီကိတ် အစီအစဉ်များ နှင့် အကျိုးခံစားခွင့် ရရှိနိုင်မှုကို သိရှိလိုပါက **FSSAbenefits.IN.gov** ရှိ FSSA Online Benefits Portal အကျိုးခံစားခွင့်ဆိုင်ရာ အွန်လိုင်းစာမျက်နှာတွင် ဖတ်ရှုခြင်း၊ သို့မဟုတ် Indiana Division of Family Resources အင်ဒီယားနား မိသားစုအတွက်ကူညီပံ့ပိုးမှုဌာနခွဲကို **1-800-403-0864** တွင် ဖုန်းဆက်ခြင်းဖြင့် သိရှိနိုင်သည်။

**သင်၏ ဆွေးနွေးမှုအဆုံးတွင် သင့်မိတ်ဆွေ၊ မိသားစုဝင် သို့မဟုတ် ချစ်ခင်ရသောသူအနေနှင့် အောက်ပါအချက်အလက် သုံးခုကိုနားလည်သဘောပေါက်မည်ဟု မျှော်လင့်ပါသည်။**

**ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ် နှစ်စဉ်** ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်သည် ရိုးရှင်းပြီး အွန်လိုင်းမှတဆင့် ဖြည့်ဆည်းဆောင်ရွက်နိုင်သည်၊ သို့မဟုတ် စာတိုက်မှတဆင့်ဖြစ်စေ၊ ဖက်စ်ပို့ခြင်းဖြစ်စေ၊ သို့မဟုတ် ဒေသတွင်း DFR ရုံးတွင် လိုအပ်သော စာရွက်စာတမ်းများ သွားပေးခြင်းဖြစ်စေ၊ စသည့်နည်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်သည်။

**အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ခြင်း** - ကျန်းမာရေးစရိတ်အာမခံကြေး ဖြတ်တောက်မခံရစေရန်အတွက် စာတိုက်မှတဆင့် အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် ပြန်လည်စိစစ်ရေးကို 45 ရက်အတွင်း ဖြည့်ဆည်းဆောင်ရွက်ရန် အရေးကြီးသည်။

**ကူညီပံ့ပိုးမှု နှင့် လမ်းညွှန်ချက်** မယ်ဒီကိတ်အဖွဲ့ဝင်များသည် ၎င်းတို့၏ အာမခံကြေး နှင့် အကျိုးခံစားခွင့်များကို အွန်လိုင်းမှတဆင့် ကြည့်ရှုနိုင်ပါသည်။ **FSSAbenefits.IN.gov** ရှိ FSSA Benefits Portal တွင် ဝင်ရောက်ကြည့်ရှုခြင်းဖြင့် အကူအညီ ရယူနိုင်သည်၊ သို့မဟုတ် Indiana Division of Family Resources ကို 1-800-403-0864 တွင်ဖုန်းဆက်ခြင်းဖြင့် ထပ်ဆောင်းကူညီပံ့ပိုးမှုများ ရယူနိုင်သည်။